**နော်အုန်းလှ နှင့် အမျိုးသမီးတက်ကြွလှုပ်ရှားသူများအား ချက်ချင်းလွှတ်ပေးရန်နှင့် မြန်မာနိုင်ငံတစ်ဝှမ်း အမျိုးသမီးတက်ကြွလှုပ်ရှားသူများအပေါ် တရားရေးဆိုင်ရာနောက်ယှက်မှုများ ရပ်တန့်ပေးရန် အမျိုးသမီးငြိမ်းချမ်းရေးရှေ့ဆောင်ကွန်ယက်မှတောင်းဆိုခြင်း**

အမျိုးသမီးငြိမ်းချမ်းရေးရှေ့ဆောင်ကွန်ယက်, စက်တင်ဘာလ (၁) ရက်နေ့ ၂၀၁၃ ခုနှစ်။

၂၀၁၃ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့က စစ်ကိုင်းတိုင်းမုံရွာမြို့တွင် လက်ပံတောင်းကြေးနီစီမံကိန်းအား ငြိမ်းချမ်းစွာ ဆန့်ကျင်ဆန္ဒဖော် ထုတ်မှုအပြီး ဖမ်းဆီးခံခဲ့ရသော နော်အုန်းလှအပါအဝင် အခြားအမျိုးသမီးကိုးဦးအား ချက်ချင်း လွှတ်ပေးရန် အမျိုးသမီးငြိမ်းချမ်းရေးရှေ့ဆောင်ကွန်ယက် (Women's Initiative Network for Peace , WIN-Peace*)* က တောင်းဆိုပါသည်။ ထို့ပြင်အမျိုးသမီးအဖွဲ့များကွန်ယက် *(မြန်မာ)* အဖွဲ့ဝင် အမျိုးသမီးအခွင့်အရေး လှုပ်ရှားမှုအဖွဲ့အစည်း တစ်ခုဖြစ်သည့် *Wimutti Volunteer Group* ၏ ဦးဆောင်သူ ဒေါ်ခင်မိမိခိုင်၊ နှင့် အမျိုးသမီးငြိမ်းချမ်းရေးရှေ့ဆောင်ကွန်ယက် ၏အဖွဲ့ဝင်တစ်ခုဖြစ်သော *Mettila Social Support Team မိတ္တီလာလူမှုအကျိုးဆောင်ကွန်ယက်* ဦးဆောင်သူ ဒေါ်မြင့်မြင့်အေးတို့အပါအဝင် မြန်မာနိုင်ငံတဝှမ်း အမျိုးသမီးများအပေါ် တရားရေးဆိုင်ရာအနှောက်အယှက်ပေးမှုများအား ရပ်တန့်ရန် တောင်းဆိုပါသည်။

ရန်ကုန်မှ အမျိုးသမီးဦးဆောင်တက်ကြွလှုပ်ရှားသူ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အဖွဲ့ဝင်ဟောင်း တစ်ဦးလည်းဖြစ်သော နော်အုန်းလှသည် အငြင်းပွားဖွယ် လက်ပံတောင်း ကြေးနီစီမံကိန်းဆိုင်းငံ့ရေးနှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး တောင်းဆိုရန် ဒေသခံရွာသူရွာသားပေါင်း ၅၀ ကျော်နှင့်အတူ မုံရွာမြို့တွင် စုဝေးနေချိန်၌ ရာပေါင်းများစွာသောရဲသားများက ၎င်းတို့ကို ဝန်းရံခဲ့ကြသည်။ ထိုသို့ တင်းမာသောထိပ်တိုက်တွေ့ဆုံချိန်တွင် ရဲများက နော်အုန်းလှနှင့် အခြားသော ဆန္ဒထုတ်ဖော်သူများကိုဖမ်းဆီး၍ ရဲကားများထဲသို့ဆွဲတင်ရန် ကြိုးပမ်းခဲ့ကြသည်။ နော်အုန်းလှကို အလွန်ကြမ်းတမ်းစွာ ဖမ်းချုပ်ခဲ့ရာ သူမ၏အဝတ်အစားများ စုတ်ပြဲသွားခဲ့ရသည်။

၂၀၁၃ ဩဂုတ်လ ၂၉ ရက်နေ့တွင် နော်အုန်းလှအား ရာဇသတ်ကြီးပုဒ်မ ၅၀၅*(ခ)* အရ နိုင်ငံတော်တည်ငြိမ်ရေးကို နှောက်ယှက်မှုဖြင့် အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၂ နှစ် ချမှတ်ခဲ့သည်။ ထို့ပြင် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဆိုင်ရာဥပဒေ ပုဒ်မ ၁၈ ကို ချိုးဖောက်၍ ခွင့်ပြုချက်မရပဲဆန္ဒဖော်ထုတ်ခဲ့မှုဖြင့် ထပ်မံအရေးယူခံရဦးမည်ဖြစ်သည်။ အမှန်စင်စစ် နော်အုန်းလှသည် တရားဝင်ဆန္ဒဖော်ထုတ်ခွင့်ရရှိရန် *အကြိမ်ကြိမ်*တောင်းဆိုခဲ့သော်လည်း ငြင်းပယ်ခြင်း ခံခဲ့ရသည်။ လက်ရှိအချိန်တွင် နော်အုန်းလှနှင့် အခြားတက်ကြွလှုပ်ရှားသူများကို မုံရွာမြို့ အမှတ် *(၁)* ရဲစခန်းတွင် ဖမ်းဆီးချုပ်နှောင်ထားပါသည်။ ရွာသားပေါင်း ၆၀ ခန့်သည် ရဲစခန်းရှေ့တွင်ထိုင်၍ အဆိုပါ ဖမ်းဆီးချုပ်နှောင်မှုများအပေါ် ဆန့်ကျင်ဆန္ဒပြလျက် ရှိကြသည်။ နော်အုန်းလှသည် "တရားရေးစနစ်ကို အယုံအကြည်မရှိသောကြောင့်" တရားရုံးအမိန့်ချမှတ်ချိန်တွင် တက်ရောက်ခဲ့ခြင်းမရှိပါ။

၂၀၁၃ ခုနှစ် ဖွန်လ ၁၀ ရက်နေ့တွင် ဒေါ်ခင်မိမိခိုင်နှင့် ဒေါ်မြင့်မြင့်အေးတို့နှစ်ဦးသည် လွန်ခဲ့သောနှစ်ပေါင်း ၂၀ ခန့်က မိမိစိုက်ပျိုးမြေများ မြန်မာစစ်တပ်၏ သိမ်းဆည်းခြင်းခံခဲ့ရသော လယ်သမားများကို ထောက်ခံမှုပြသရန် ပဲခူးတိုင်း ပဲမခမ်းရွာသို့ သွားရောက်ခဲ့ကြသည်။ ဆန္ဒဖော်ထုတ်မှုအပြီး နောက်တစ်ရက်တွင် ပဲခူးတိုင်း နတ်တလင်းမြို့နယ် ဒေသခံ အာဏာပိုင်ခေါင်းဆောင်နှင့် တွေ့ဆုံရန် ဆင့်ခေါ်ခံခဲ့ရပြီး သွားရောက်တွေ့ဆုံသောအခါ ရဲများက ၎င်းတို့ကိုဖမ်းဆီးပြီး

နတ်တလင်းတရားရုံးသို့ ခေါ်ဆောင်သွားခဲ့ကြသည်။ ဒေါ်ခင်မိမိခိုင်နှင့် ဒေါ်မြင့်မြင့်အေးတို့သည် တရားမဝင်အသင်းအဖွဲ့တွင် ပါဝင်ပြီး အသင်းအဖွဲ့ဝင်များ စုဆောင်းနေသည်ဟု မဟုတ်မမှန် စွပ်စွဲခံခဲ့ရသည်။ ၎င်းတို့နှစ်ဦးသည် မိမိ၏လူမှုကွန်ယက်ကို အစိုးရထံ မှတ်ပုံတင်ထားခြင်းမရှိဟူ၍ အသင်းအဖွဲ့များဖွဲ့စည်းမှုဆိုင်ရာ ၁၉၈၈ ဥပဒေ အပိုဒ် ၆ ချိုးဖောက်မှုဖြင့် တရားစွဲဆိုခြင်းခံခဲ့ရသည်။ ၎င်းတို့ကို အာမခံဖြင့်ထုတ်ပေးရန် ပိတ်ပင်ခဲ့ပြီး ပေါင်းတည်ထောင်သို့ ပို့ဆောင်ခဲ့သည်။ ဒေါ်ခင်မိမိခိုင်မှာ သွေးတိုးရောဂါဝေဒနာသည်တစ်ဦးဖြစ်ပြီး ဒေါ်မြင့်မြင့်အေးမှာ ယမန်နှစ်တွင် အသေးစားလေဖြတ်ခြင်းဝေဒနာ ခံစားခဲ့ရသူတစ်ဦးဖြစ်သောကြောင့် မိသားစုဝင်များက ၎င်းတို့၏ကျန်းမာရေးအတွက် စိုးရိမ်ပူပန်လျက်ရှိကြသည်။ ၎င်းတို့ကို နတ်တလင်းတရားရုံးတွင် ဆက်လက်စစ်ဆေးနေလျက်ရှိသည်။

'မြန်မာနိုင်ငံတစ်ဝှမ်း အမျိုးသမီး လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူတွေနဲ့ ငြိမ်းချက်စွာဆန္ဒထုတ်ဖော်သူတွေအပေါ် အကြမ်းဖက်မှုနဲ့ တရားရေးဆိုင်ရာနှောက်ယှက်မှုပြုတဲ့ အခြေအနေတွေ ကျမတို့ အများကြီးတွေ့နေရပါတယ်။ ဒါဟာ တကယ်ကိုစိတ်ပျက်ဖို့ကောင်းပါတယ်။ ကိုယ့်လူထုအသိုင်းအဝိုင်းရဲ့ အခွင့်အရေးကိုကာကွယ်ဖို့ အမျိုးသမီးတွေအနေနဲ့ ဦးဆောင်မှုအခန်းကဏ္ဍကနေ တာဝန်ယူတာဟာ မရှိမဖြစ်လိုအပ်ချက် တစ်ခုဖြစ်ပြီး မြန်မာအာဏာပိုင်တွေအနေနဲ့ သူတို့ အဲလိုဦးဆောင်နိုင်ဖို့ နေရာပေးရပါမယ်။″ ဟု စုစင်နာလှလှစိုး ၊ အမျိုးသမီးအဖွဲ့ များကွန်ယက်ဦးဆောင်သူ ကပြောသည်။

ပြုပြင်ပြောင်းလဲရေးအကြောင်း သမ္မတဦးသိန်းစိန်က မည်မျှပြောနေစေကာမူ မြန်မာနိုင်ငံ၏ အကျဉ်းထောင်များထဲတွင် အမျိုးသမီးတက်ကြွလှုပ်ရှားသူများအပါအဝင် ရာနှင့်ချီသော နိုင်ငံရေးအကျဉ်းသားများ ကျန်ရှိနေဆဲဖြစ်ကာ လစဉ်နှင့်အမျှ ထပ်မံဖမ်းဆီးမှုများရှိနေပြီး ၎င်းတို့ကိုဖမ်းဆီးရာတွင်အသုံးပြုသည့် ဖိနှိပ်ချုပ်ချယ်သောဥပဒေများလည်း ရှိနေဆဲဖြစ်သည်။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အနေဖြင့် ဤကိစ္စများကို ၎င်းတို့၏လုပ်ငန်းများထဲတွင် ထည့်သွင်းပြီး ဤအမျိုးသမီးများအပေါ် တရားရေးဆိုင်ရာအနှောက်အယှက်ပြုနေမှုများကို ချက်ချင်းစုံစမ်းဖော်ထုတ်ရန် တိုက်တွန်းပါသည်။

အမျိုးသမီးငြိမ်းချမ်းရေးရှေ့ဆောင်ကွန်ယက် အနေဖြင့် နော်အုန်းလှနှင့် မုံရွာတွင် အဖမ်းခံခဲ့ရသော အခြားဆန္ဒထုတ်ဖော်သူကိုးဦးတို့အပြင် ဒေါ်ခင်မိမိခိုင်နှင့် ဒေါ်မြင့်မြင့်အေးအပါအဝင် မကြာသေးခင်ကဖမ်းဆီးခံထားရသော အခြားအမျိုးသမီးတက်ကြွလှုပ်ရှားသူများကို ချွင်းချက်မရှိ ချက်ချင်းလွှတ်ပေးရန် နိုင်ငံတော်အစိုးရကို တိုက်တွန်းနှိုးဆော်ပါသည်။ ထို့ပြင် ငြိမ်းချမ်းစွာစုဝေးခွင့်ပေးခြင်းသည် လူ့အခွင့်အရေး အတွက်အရေးကြီးကြောင်း အထူးတင်ပြလိုပါသည်။

နိုင်ငံတကာအသိုင်းအဝိုင်း အထူးသဖြင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများဆိုင်ရာ လမ်းညွှန်ချက်များကို ရေးဆွဲခဲ့ပြီး ၎င်းလမ်းညွှန်ချက်စာတမ်းအရ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ အန္တရာယ်နှင့်ကြုံတွေ့ပါက ကြားဝင်ဖြေရှင်းနိုင်စွမ်းရှိသည့် ဥရောပသမဂ္ဂအား ဤအမျိုးသမီးတက်ကြွလှုပ်ရှားသူများ တန်ဖိုးရှိလူ့အခွင့်အရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နိုင်ရန် ၎င်းတို့ကို မိမိတတ်နိုင်သမျှအရေးယူဆောင်ရွက်မှုများဖြင့် အားပေးကူညီရန် အမျိုးသမီးငြိမ်းချမ်းရေးရှေ့ဆောင်ကွန်ယက် က တောင်းဆိုပါသည်။

***ဆက်သွယ်ရန်***

*မသန္တာ - ၀၉-၇၃၀၂၁၀၂၅၊ ၀၉-၄၂၀၀၅၅၅၂၆၊ ၀၉ ၅၀၂၅၀၁၆, ၀၉ ၀၉၅၀၂၅၀၁၆ Email : winpeace2013@gmail.com*